# Fifteenth Sunday in Ordinary Time

**1st READING:** ***Isaiah 55: 10-11***

ဟေရှာယအနာဂတ္တိကျမ်း၊    ၅၅း ၁၀–၁၁

မိုဃ်းရေနှင့်မိုဃ်းပွင့်တို့သည်မိုဃ်းကောင်းကင်မှဆင်းသက်၍နောက်တဖန်မပြန်၊ မြေသည်မျိုးစေ့ကြဲသောသူ အားမျိုးစေ့ကိုဎင်း၊အစာစားသောသူအားအစာကိုဎင်း၊ပေးမည်အကြောင်း၊မြေကိုစိုစေသဖြင့်၊အပင်ပေါက်စေ၍၊ အသီးကိုသီးစေသကဲ့သို့၊ ထို့အတူငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့မပြန်ရ။ ငါ့အလိုကို ပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်။

**Responsorial Psalm  Psalm  65: 10, 11, 12-13,**

ဆာလံကျမ်း    ၆၅း ၁၀၊ ၁၁၊ ၁၂–၁၃၊

၁၀။ ကိုယ်တော်သည်ထွန်ကြောင်းများကိုစိုစွတ်စေပြီးမြေဂမူများကိုညီညာစေတော်မူ၏။မိုးအကြိမ်ကြိမ်ရွာသွန်းခြင်းဖြင့်မြေကြီးကိုပျော့စေပြီး၊ ကောက်ပဲသီးနှံတို့ကိုကောင်းချီးပေးတော်မူ၏။

၁၁။ ကိုယ်တော်သည်မိမိ၏ကောင်းမြတ်ခြင်းဖြင့်တစ်နှစ်တာကာလကိုသရဖူးဆောင်းစေပြီး၊ကိုယ်တော်၏ဝန်တင်လှည်းများသည်လည်းပေါများကြွယ်ဝခြင်းဖြင့်ပြည့်လျှံနေပါ၏။

၁၂–၁၃။ တောကန္တာရရှိမြက်ခင်းတို့သည်လည်းပြည့်လျှံနေကြ၏။ တောင်ကုန်းတို့သည်လည်ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့်လွှမ်းခြုံလျက်ရှိကြ၏။ မြက်ခင်းတို့သည်လည်းသိုးအုပ်တို့ဖြင့် ဖုံးအုပ်လျက်ရှိပြီး၊ ချိုင့်ဝှမ်းတို့သည် လည်း အသီးအနှံတို့ဖြင့် လွှမ်းခြုံ လျက်ရှိ၏။ ယင်း တို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းဟစ်အော်သီဆိုကြကုန်ပြီ။

## 2nd READING: Romans 8: 18-23

ရောမသြဝါဒစာ **၈း ၁၈–၂၃**

ယခုမျက်မှောက်ကာလ၌ငါတို့ခံရကြသောဒုက္ခဆင်းရဲတို့သည်ငါတို့အားထင်ရှားစေမည့်ဘုန်းကျက်သရေနှင့်နှိုင်းယှဉ်၍မရနိုင်ဟုငါမှတ်ယူ၏။ ဘုရားသခင်သည်မိမိ၏သားသမီးများကိုပေါ်လွင်ထင်ရှားစေမည့်အချင်းအရာကိုဖန်ဆင်းခံကမ္ဘာလောကတစ်ခုလုံးကစိတ်အားထက်သန်စွာတောင့်တစောင့်မျှော်လျှက်ရှိ၏။ ဖန်ဆင်းခံကမ္ဘာကြီးသည်အနန္တဖြစ်ရန် စီရင်ခြင်းခံခဲ့ရ၏။ သို့ဖြစ်ရခြင်းမှာကမ္ဘာလောက၏အလိုကြောင့်မဟုတ်ဘဲထိုသို့ဖြစ်ရန်စီရင်တော်မူသောဘုရားသခင်၏အလိုတော်ကြောင့်သာဖြစ်၏။သို့သော်လည်းမျှော်လင့်ချက်ရှိသေး၏။ထိုမျှော်လင့်ချက်မှာတစ်နေ့သောအခါဖန်ဆင်းခံကမ္ဘာလောကကြီးသည်ဖောက်ပြန်ပျက်စီးခြင်းအနှောင်အဖွဲ့မှလွတ်ကင်း၍ဘုရားသခင်သားသမီးများ၏ဘုန်းဂုဏ်တော် ကိုခံစားခွင့်ရရှိမည်ဖြစ်အကြောင်းတည်း။ ဖန်ဆင်းခံကမ္ဘာလောကတစ်ခုလုံးသည်ယခုတိုင်အောင်သားဖွားခြင်းဝေဒနာကိုပြင်းပြစွာဝေဒနာကိုခံစားကြလျက်ညည်းတွားနေကြောင်းကိုငါတို့သိရှိကြ၏။ဖန်ဆင်းခံကမ္ဘာလောကကြီးသာမက ဝိညာဉ်တော်၏ကျေးဇူးတော်ကိုပထမဦးစွာခံစားကြပြီးသောငါတို့သည်လည်းဘုရားသခင်၏သားသမီးဖြစ်ရခြင်းတည်းဟူသောငါတို့ကိုယ်ခန္ဓာများရွေးနှုတ်ကယ်တင်ခံရခြင်းကိုစောင့်မျှော်ကာစိတ်နှလုံးထဲ၌ညည်းတွားနေကြ၏။

## **GOSPEL:** ***Matthew 1 3: 1-23***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၃း ၁–၂၃**

ထိုနေ့၌သခင်ယေရှုးသည်အိမ်မှထွက်ကြွတော်မူ၍ပင်လယ်ကမ်းခြေတွင်ထိုင်နေတော်မူစဉ်၊များစွာသောလူတို့သည်ဝိုင်းရံစုဝေးလာကြသောကြောင့်ကိုယ်တော်သည်လှေပေါ်သို့တက်၍ထိုင်တော်မူ၏ ။လူအစုအဝေးသည်ကားကုန်းပေါ်မှာရပ်နေကြ၏ ။ကိုယ်တော်သည်ထိုသူတို့အားပုံပမာနှိုင်း၍၊များစွာသောအကြောင်းအရာတို့သွန်သင်တော်မူလျက်ဆိုသည်မှာမျိုးကြဲသူတစ်ယောက်သည်မျိုးစေ့ကြဲအံ့သောငှာထွက်သွားလေ၏ ။မျိုးကြဲရာတွင်အချို့မျိုးစေ့တို့သည်လမ်းပေါ်မှာကျသဖြင့်ငှက်တို့သည်လာ၍စားကြ၏ ။အချို့မျိုးစေ့တို့သည်မြေဆီလွှာပါးသည့်ကျောက်ခံမြေပေါ်တွင်ကျ၏ ။အပင်များလျင်မြန်စွာပေါက်လာသော်လည်းမြေသားလွှာတိမ်သောကြောင့်နေထွက်သောအခါပူလောင်၍အမြစ်လည်းမတွယ်နိုင်သောကြောင့်ညှိုးနွမ်းသွေ့ခြောက်လေ၏ ။အချို့မျိုးစေ့တို့သည်ဆူးပင်များအကြားတွင်ကျသဖြင့်ဆူးပင်တို့ကြီးထွားလာကြသောအခါအပင်ငယ်တို့ကိုဖုံးအုပ်ပိတ်ဆို့ထားလေ၏ ။အချို့မျိုးစေ့တို့မူကားကောင်းသောမြေပေါ်တွင်ကျသဖြင့်အပင်ပေါက်လာသောအခါအချို့သည်အဆတစ်ရာ၊အချို့အဆခြောက်ဆယ်၊အချို့အဆသုံးဆယ်စီအသီးသီးကြ၏ ။ ကြားခြင်းငှာနားရှိသောသူသည်ကြားပါစေ။ ထိုအခါတပည့်တော်တို့သည်အထံတော်သို့ချဉ်းကပ်ကြ၍ကိုယ်တော်သည်အဘယ့်ကြောင့်ထိုသူတို့အားပုံဥပမာနှိုင်း၍ဟောတော်မူသနည်းဟုလျှောက်ကြလျှင်။ကိုယ်တော်သည်သူတို့အားပြန်ပြောတော်မူသည်ကားသင်တို့သည်ကောင်းကင်နိုင်ငံတော်၏နက်နဲသောအကြောင်းအရာများကိုသိခွင့်ရကြ၏ ။ထိုသူတို့မူကားသိခွင့်မရကြ။ဘုရားသခင်သည်ရှိသောသူအားထပ်လောင်း၍ပေးသဖြင့်ကြွယ်ဝလိမ့်မည်။မရှိသောသူထံမှရှိသမျှကိုပင်ရုတ်သိမ်းတော်မူလိမ့်မည်။သင်တို့အားပုံဥပမာနှိုင်း၍ငါပြောရသည့်အကြောင်းမှာသူတို့သည်ကြည့်သော်လည်းမမြင်၊နားထောင်သော်လည်းမကြားနားလည်းမလည်ကြသောကြောင့်ဖြစ်၏ ။ပရောဖက်အီဇာယ၏ဟောထားချက်သည်ထိုသူတို့၌ပြည့်စုံခြင်းသို့ရောက်လေ၏ ။ဟောထားချက်မူကားသင်တို့သည်ကြားလျက်နှင့်နားလည်ကြလိမ့်မည်မဟုတ်။မြင်လျက်နှင့်သဘောပေါက်ကြလိမ့်မည်မဟုတ်။အကြောင်းမူကား၎င်းလူမျိုးတို့သည်မျက်စိဖြင့်လည်းမြင်ရ၊နားဖြင့်လည်းကြားရ၊စိတ်နှလုံးဖြင့်လည်းသိရပြီးအကျင့်ပြောင်းလဲကာငါ့အားဖြင့်သူတို့အနာရောဂါပျောက်ကင်းချမ်းသာရာရမည်ကိုစိုးရိမ်သဖြင့်သူတို့၏စိတ်နှလုံးသည်ထိုင်းမှိုင်းလျှက်နားများသည်လေးလျှက်မျက်စိများသည်လည်းပိတ်လျှက်ထားကြ၏ဟုလာသတည်း။ သင်တို့၏မျက်စိသည်မြင်၍နားသည်လည်းကြားသောကြောင့်မင်္ဂလာရှိ၏ ။သင်တို့အားငါအမှန်ဆိုသည်ကားများစွာသောပရောဖက်တို့နှင့်ဖြောင့်မတ်သောသူတို့သည်သင်တို့မြင်ရသောအရာများကိုမြင်လိုကြသော်လည်းမမြင်ခဲ့ကြရ၊သင်တို့ကြားရသောအရာများကိုကြားလိုကြသော်လည်းကြားခဲ့ကြရ။ ထို့ကြောင့်မျိုးစေ့ကြဲသောသူ၏ပုံဥပမာကိုနားထောင်ကြလော့။ တစ်စုံတစ်ယောက်သည်နိုင်ငံတော်နှင့်ဆိုင်သောနှုတ်ကပါတ်တော်ကိုကြား၍နားမလည်သည်ရှိသော်နတ်ဆိုးသည်လာ၍သူ၏စိတ်နှလုံးထဲ၌ကြဲထားသည့်မျိုးစေ့ကိုနှုတ်ယူတတ်၏ ။ ထိုသူသည်လမ်းပေါ်မှာကျသောမျိုးစေ့နှင့်တူ၏ ။ ကျောက်ခံမြေပေါ်တွင်ကျသည့်မျိုးစေ့မူကားနှုတ်ကပတ်တော်ကိုကြားသောအခါဝမ်းမြောက်ဝမ်းသာစွာချက်ချင်းခံယူသူဖြစ်သော်လည်း၊အမြစ်မတွယ်နိုင်ဘဲခေတ္တခဏသာတည်မြဲ၏ ။နှုတ်ကပတ်တရားတော်ကြောင့်ဒုက္ခဆင်းရဲခြင်းနှင့်ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောအခါတရားတော်ကိုချက်ချင်းပင်စွန့်ပစ်တတ်၏ ။ ဆူးပင်တို့အလယ်တွင်ကျရောက်သောမျိုးစေ့တို့မူကားနှုတ်ကပတ်တော်ကိုကြားရသော်လည်း လောကီရေးရာ၌စိုးရိမ်ကြောင့်ကြခြင်းနှင့်ဥစ္စာရွှေ၊ငွေတို့၏လှည့်ဖြားခြင်းတို့ကနှုတ်ကပတ်တော်ကိုလွှမ်းမိုး၍၊အသီးမသီးနိုင်သောသူနှင့်တူ၏ ။ ကောင်းသောမြေပေါ်၌ကျသောမျိုးစေ့ဟူမူကား၊နှုတ်ကပတ်တော်ကိုကြား၍ နားလည်သဖြင့်အသီးသီးရာတွင်အချို့သည်အဆတစ်ရာ၊အချို့အဆခြောက်ဆယ်၊အချို့သုံးဆယ်ပွားစေသောသူ ဖြစ်သတည်းဟု မိန့် တော်မူ၏ ။